# ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်းရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ။

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇။] (၁၉၅၀ ခု၊ ဇန်နဝါရီလ ၄ ရက်။)

ပြည်ထောင်စုနိုင်ငံ၏ သတ္တုများမှစ၍ တွင်းထွက် ပင်ရင်းအခြေအမြစ်များကို၊ ထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၁၉ တွင်ဖော်ပြထားသောပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတပါး၊ အခြားပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများအား ပေးရန်အခါလိုငှါ၊ တရားဥပဒေဖြင့် သီးခြားခြွင်းချက်စည်းကမ်းများ ပြဋ္ဌာန်းနိုင်သည့်အာဏာကို ပြည်ထောင်စု ပါလီမန်အား၊ ထိုအခြေခံဥပဒေပုဒ်မ ၂၁၉ ဖြင့် အပ်နှင်းထားသည်တကြောင်း၊

[1] See sections 41 and 47 of the Upper Burma Land and Revenue Regulation.

ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးအလို့ငှါ၊ သတ္တုများမှစ၍ တွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကိုပေးရာ၌ သီးခြားခြွင်းချက်စည်းကမ်းများကို ပြဋ္ဌာန်းရန်သင့်သည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။ပြည်ထောင်စုနိုင်ငံ အစိုးရသည်၊ ပြည်ထောင်စုနိုင်ငံ အတွင်းရှိ သတ္တုများမှစ၍၊ တွင်းထွက် ပင်ရင်းအခြေအမြစ်အမျိုးမျိုးကို ထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင် ပြုနိုင်သောအခွင့်အရေးကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၉ တွင်ရည်ညွှန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများအဖြစ်ဖြင့်၊ အောက်ဖော်ပြသော စည်းကမ်းများနှင့်မညီညွတ်လျှင် မည်သည့်ပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းကိုမျှ ပေးနိုင်ခွင့်မရှိစေရ။

(က) ပြည်ထောင်စုနိုင်ငံသားတဦးတယောက်ကသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံးရာနိုင်နှုန်း ခြောက်ဆယ်မျှပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီတခုခုက၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုကသော်၎င်း၊ ထိုတွင်းထွက်ပင်ရင်းအခြေအမြစ်များကို၊နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင်ထုတ်ဖော်လုပ်ကိုင်ရန်ဖြစ်စေ၊ တိုးတက်အောင်ပြုရန်ဖြစ်စေ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ခ) အထက်အပိုဒ် (က)တွင် ဖော်ပြထားခြင်းမရှိသောပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ ထိုထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးမျိုးကို မပေးဘဲနေခဲ့သော်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးကို ပျက်ပြားစေမည်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန်အကြောင်းရှိခြင်း။

(ဂ) အခွင့်အရေးကို အသစ်ထုတ်ပေးရာ၌၎င်း၊ အဟောင်းကိုထပ်မံပြုပြင် ထုတ်ပေးရာ၌၎င်း၊ ထိုအခွင့်အရေးသည် တည်ဆဲဖြစ်သော သတ္တုတူးဖော်ခွင့်နည်းဥပဒေများအရသာလျှင်ဖြစ်စေခြင်း။

(ဃ) ထိုအခွင့်အရေးကို နိုင်ငံတော်အစိုးရ၏ စီးပွါးရေး စီမံကိန်းနှင့် အညီအညွတ်ဖြစ်စေခြင်း။

၃။ ။(၁) နိုင်ငံတော်အစိုးရသည်၊ ဤအက်ဥပဒေပါကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အလို့ငှါ၊ အမိန့်ကြေညာချက်တရပ်ထုတ်ပြန်၍၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

(၂) အထူးသဖြင့် ဤကဲ့သို့ဆိုခဲ့ပြီးသော အခွင့်အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ နည်းဥပဒေများတွင် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းစေရမည်။

(က) ဤအက်ဥပဒေကိစ္စများနှင့်ရည်ရွယ်ချက်များကိုဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအား ကူညီရန်အလို့ငှါ၊ အဖွဲ့တခုဖွဲ့စည်းရေး။

(ခ) စက်မှုလက်မှုဘက်တွင်၎င်း၊ စီမံအုပ်ချုပ်မှုဘက်တွင်၎င်း နိုင်ငံသားများကိုသင်ပေးခန့်ထားစေရေး။

(ဂ) မည်သည့်တွင်းထွက် ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုသောကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းတွင် အစိုးရထံမှသော်၎င်း၊ နိုင်ငံသားများထံမှသော်၎င်း မည်မျှငွေရင်းပါရှိစေရေး။